ဆောင်းညချမ်းခြွေ

# ရင်ခုန်တယ် ဦးကြောင့်



# အခန်း(၁)

၁၀ နှစ်အရွယ် ကလေးမလေး တစ်ဦးနှင့် အသက် ၂၀ ဝန်ကျင်ရှိ ယောကျာ်းလေး တစ်ဦးတို့ သည် ကားလမ်းဘေး တစ်နေရာက ပိတောက်ပင်ကြီး အောက်မှာ စကားပြောနေ၏။

ဆံပင်ဂုတ်ဝဲလေးနှင့် ပါးဖောင်းဖောင်း ကလေးမလေးက သူ့ရှေ့က အလွန်မြင့်မားတဲ့ အရပ် ပိုင်ရှင်ကို မော့ကြည့်ကာ ...

"ကိုကို"

ခန္ဓာ ကိုယ်လေး ရုတ်တရက် ငုံ့ကိုင်းလာကာ အကျ ... အိတ်ထဲက အရာတစ်ခုကို ဆွဲထုတ်သည် ။ ပြီးနောက် ...

"ကလေး ဒီပစ္စည်းကို မပြောက်စေနဲ့ နော်"

လည်တိုင်ဖြူဖြူလေးပေါ်ကို အေးဆက်ဆက် အထိတွေ့လေး တစ်ခုက နေရာယူလိုက်တဲ့ အခါ လွမ်း ထိုလူရဲ့ မျက်နှာကို လှမ်းကြည့်သည် ။

"ကိုကို"

"ကလေး ... ဘယ်လိုဒုက္ခနဲ့ ပဲကြုံကြုံ ဒီလက်စွပ်လေးက ကလေးကို ကာကွယ်ပေးလိပ်မယ်"

အသက် ၂၀ ဝန်ကျင်ရှိတဲ့ ထိုလူရဲ့ စကားကြောင့် လွမ်း မှ င်သက်ငေးမောရင်း ရင်ညွှတ်လေးကို ထိကပ်နေတဲ့ လက်စွပ်လေးကို ကိုင်ကြ

ည့်သည်။

"ကိုကို ... ဒီဟာလေးက ကိုကိုတန်ဖိုးထားရတဲ့ လက်စွပ်လေး မဟုတ်လား ... ဘာလို့ မီးမီးကို ပေးတာလဲ"

နဂါးပတ်ထားသည့် လက်စွပ်လေးက ဆုတောင်းပြည့်သည် ဟု ပြောဖူးသည်။ ဒါကြောင့် မေး ဖြစ်၏။

ထိုလူ လွမ်းကို ပြုံးပြကာ ...

"ကလေးကလည်း ကိုကိုတန်ဖိုးထားရတဲ့ သူ ဖြစ်လို့ ပေါ့ ကလေးရဲ့ ပြီးတော့ လက်စွပ်လေးက နှစ်ကွင်းလေ ကြည့် ဒီမှာ ကိုကို့ဆီမှာ တစ်ကွင်းရှိသေးတယ်"

လွမ်းရဲ့ ခေါင်းကို အသာပုတ်ကာ ပြောသည်။ လွမ်း ပြုံးသွားကာ ...

"ကိုကို ... ဒါဆို မီးမီးတို့ က စေ့စပ်ထားတာ ပေါ့နော်"

"အဟွန်း ... ဟွန်း ... ဟုတ်တယ် ကလေးရဲ့ ... ကလေးက ကိုကို့ အပိုင်ဆိုတာကို တလောကလုံး သိအောင်လို့ လေ"

"ဟုတ် ... မီးမီးကြီးလာရင် ကိုကို့ကိုယ်ပဲ လက်ထပ်မယ် ကိုကိုက မီးမီးရဲ့ မင်းသားလေး"

"အဟွန်း ... ဟုတ်ပါပြီကွာ"

လွမ်း ထိုလူကိုဖက်တွယ်ကာ ပြောလိုက်သည်။ ကလေးသဘာဝမို့ လက်ထပ်တာ ချစ်တာကို မသိပေမယ့် အမြဲဖတ်ဖူးနေတဲ့ ပုံပြင်စာအုပ်လေးထဲကလို ထိုလူကို မင်းသားလေးဟု ထင်မှတ်၏။

"သခင်ငယ် သွားရအောင်လေ"

"ဩော် ... အင်း"

လွမ်းကို ရင်ခွင်ထဲကနေ ခွာယူကာ နှဖူးလေးကို တစ်ချက် နမ်းသည် ။

"ကိုကို ဘယ်သွားမို့လဲဟင် ဒီကားကြီးက ကိုကို့ကို ခေါ်သွားမှာ လား "

"ဟုတ်တယ် ကလေး ကိုကို့ကို ဒီကားကြီးက ခေါ်သွားမှာ "

"ကိုကိုဘယ်တော့ ပြန်မလာမလဲဟင် မီးမီးကို တစ်ယောက်ထဲ အကြာကြီး မထားခဲ့ပါဘူးနော်"

လွမ်းရဲ့ ကိုယ်လေးကို ရင်ခွင်ထဲမှာ ဆွဲသွင်း ဖက်တွယ်ထားလိုက်ကာ ရစ်ဝိုင်းလာတဲ့ မျက်ရည်တွေကို မျက်တောင်ရှည်တွေနဲ့ ပုတ်ခပ် သိမ်းဆည်းလိုက်သည် ။

"မကြာပါဘူး ကလေးရယ် ကိုကို ပြန်လာမှာ ပါ"

"အင့် ... ကိုကို့ကို လွမ်းနေ့တိုင်း သတိရနေမယ်နော် ကိုကို ... ဟင့်"

"မငိုရဘူးလေ ကလေးရဲ့ ကလေးငိုရင် ရုပ်ဆိုးသွားလိမ့်မယ် ကလေးမကြောက်ဘူးလား ကလေးလေးသာ ရုပ်ဆိုးသွားရင် ကိုကိုက ထားခဲ့မှာ "

"အင်း"

မျက်ရည်တွေကို တယုတယ သုတ်ဖယ်ပေးကာ ပြောတော့ လွမ်း မျက်ရည်တွေ ခမ်းခြောက် သွားသည် ။

"မီးမီးကြောက်တယ် မီးမီးသာ ရုပ်ဆိုးသွားရင် ကိုကိုထားခဲ့မှာ ကို မီးမီး မငိုတော့ဘူးနော် "

"လိမ္မာတယ် ကလေး"

ခေါင်းလေးကို အသာပုတ်ကာ ထရပ်ရင်း အမဲရောင် ကားရှည်ကြီး ပေါ်သို့ တက်သွားသည် ။ လွမ်းကြည့်ကာ မျက်ရည်လေးက ရစ်ဝိုင်းလာခဲ့ပြန်၏။

’ဟင့်အင်း ... မီးမီးမငိုဘူး ကိုကိုထားခဲ့မှာ ကြောက်တယ် ဒါကြောင့် မီးမီးမငိုတော့ဘူး ဘယ်တော့မှ ’

မျက်ရည်တွေကို လက်ဖမိုးဖြင့် ဖိသုတ်ကာ တစ်ရွေ့ရွေ့ ထွက်သွားတဲ့ ကားကြီးကို လှမ်းကြည့်ကာ စိတ်ထဲမှာ တစ်ခုခုကို သတိရသွားသည် ။

"ကိုကို ... အီးဟီး ... စောင့်ပါဦး ကိုကို"

ထိုကားကြီးနောက်သို့ အပြေးကလေး လိုက်သွားသည် ။ ကလေးအားနဲ့ လျှင်မြန်တဲ့ ကားအရှိန်နဲ့ က အရမ်းကွာခြားသည် မို့ လွမ်းလေးအဝေးတစ်နေရာမှာ ပြတ်ကျန်ခဲ့သည် ။

ကားဘတ်မှန်ကနေ မြင်နေရတဲ့ ကလေးမလေး အားသွန်ခွန်စိုက်ပြေးလိုက်နေပုံက ထိုလူရဲ့ နှလုံးသားကို ဖွဲ့ခြွေနေသည် ။ ထိုလူ မျက်ဝန်းတွေကို မှိတ်ကာ ...

'ကလေးနားမှာ ထာဝရရှိနိုင်ဖို့ ဒီနေ့ နာကျင်စရာနဲ့ ပေးဆပ်လိုက်မယ် ကလေးရယ် ကို့ကို စောင့်နေပါကလေး သိပ်ချစ်တယ်'

အဖြူရောင်ကြိုးလေး ရင်ထဲမှာ ရစ်ပတ်တွယ်လေပြီ။

ရင်ထဲက သံစဉ်လှိုင်းလေး လှုပ်ခတ်ကာ သွားချိန်

ပါးပြင်ပေါ်သို့ ကြွေဆင်းသွားတဲ့ မျက်ရည်ပူပူတွေကို မသုတ်မိ ဒီအ

တိုင်းလေးသာ စီးဆင်း စေလိုက်၏။

တစ်နေ့ ပြန်တွေ့ရမယ်ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်ကို အခိုင်မာ သန္နေ တည်ပစ်လိုက်၏။

"သမီး လွမ်းလေး ... မေမေ့ သမီးလေး"

အပြေးတစ်ပိုင်းဖြင့် အနားရောက်လာတဲ့ မောသုခ ... လွမ်းလေး မိခင်ကို တွေ့သည် နှင့် ထွက်ခွာသွားတဲ့ ကားနောက်ကို ကြည့်ပြီး လက်ညိုးကလေးထိုးပြကာ ...

"အီးဟီး ... မေမေ ကိုကိုကလေ မီးမီးကို ထားရစ်ခဲ့တယ် မေမေ ... အီးဟီး ... ကိုကို့ကို ပြန်ခေါ်ပေးပါ မေမေရယ်နော် ... အဟင့် ... အဟီးဟီး"

"သမီးလေးရယ် ... သမီးကိုကို မကြာခင်ပြန်လာမှာ ပါ မငိုနဲ့ နော် တိတ်တိတ်"

"အား. ... ကိုကို အီးဟီးဟီးဟီး!!"

"ဩော် ... သမီးလေးရယ်"

မောသုခ ချော့လိုက်ကာမှ အားပါးတရ ငိုကြွေးပြန်သည် ။ နောက်ဆုံး မသက်သာသည့် အဆုံးမှာ တော့ သမီးဖြစ်သူကို ရင်ခွင်လေးထဲ ဆွဲသွင်းကာ ဖက်ထားပေး လိုက်သည် ။ လွမ်းလေးကတော့ ကိုယ်လေး တုန်တုန်သွားကာ ရှိုက်ကြီးတငင် ငိုကြွေးနေဆဲ ဖြစ်သည် ။

'ရှိပါစေလေ ကလေးပဲ နောက်နေ့မနက် မေ့သွားမှာ ပါ' ဆိုတဲ့ အတွေးကို မောသုခ စဉ်းစား လိုက်မိသည် ။

"သမီးလေး မငိုနဲ့ တော့နော် လာပြန်ရအောင် ညနေသမီးရဲ့ ပါးပါး

ပြန်လာတာ သွားကြိုရမယ်လေ"

"ဟင် ... မီးမီး ... သွားကြိုလို့ ရလား"

ထိုအမေးကို မောသုခ ရင်ထဲ နင့်သွားသည် ။

"ရတာပေ့ါ သမီးလေးရဲ့ ... ပါးပါးက သမီးရဲ့ ပါးပါးပဲဟာ ဒါကြောင့် ပါးပါးကို အံ့သြသွားရအောင် သွားကြိုကြမယ်လေနော်"

"ဟင့် ... ဟုတ်ကဲ့"

တစ်ချက်လေး ရှိုက်လိုက်ကာ ထိုင်နေရာက ကုန်းထသည် ။ အိမ်ပြန်လမ်းလေး တစ်လျှောက် မောသုခရဲ့ လက်ကိုဆွဲလို့ အိမ်ကို ပြန်လာခဲ့ကြသည် ။

"မေမေ ... ပါးပါးက မီးမီးကို ချစ်ရဲ့ လားဟင် မီးမီးက ပါးပါးကို ချစ်တာ ပါးပါး သိရဲ့ လားဟင်"

မောသုခ ခြေလှမ်းတွေ ရုတ်တရက် ရပ်တန့်သွား၏။ သမီးဖြစ်သူရဲ့ အမေးကို ဘယ်လို ပြန်ဖြေရမလဲ မသိဖြစ်သွားသည် ။

"မေမေ ဘာဖြစ်လို့ လဲဟင်"

မော့ကြည့်ကာ မေးလာလျှင် ...

"ဘာမှ ဖြစ်ပါဘူး သမီးလေးရဲ့ သမီးလေးက ချစ်စရာကောင်းတယ်လို့ တွေးမိလို့ ပါ အဟင်းဟင်း"

"ချစ်စရာကောင်းတာ မေမေနဲ့ တူလို့ ဖြစ်မှာ "

"အဟင်းဟင်းဟင်း" "ခစ်ခစ်ခစ်"

သားမိနှစ်ယောက် ပြိုင်တူရယ်လို့ အပူကို ခဏမေ့သွား၏။

ညနေ ၄ နာရီ ၃၅ မိနစ် ...

"ဟဲ့ ... မောသုခ ခုထိ ဘာမှ မလုပ်ရသေးဘူးလား!!"

မေရတီတုရဲ့ အသံက ခပ်ဆက်ဆက်လေး ထွက်လာလျှင် ...

"ဟို ... မော ... မောခုလုပ်နေပါတယ်"

မီးဖိုချောင်ထဲမှာ အချက်ပြုတ် ကြော်လှော်နေတာ နေ့လယ်ထဲက ဖြစ်သည် ။ ဆွေးရိပ်ထင် ပြန်လာမယ် အကြောင်းပြကာ အိမ်ကို ဧည့်သည် တွေများ စွာ ဖိတ်ထားပြီး ဧည့်ခံနေသည် ။ ဒေါ်မောသုခ ကို မီးဖိုချောင်ထဲမှာ တစ်နေကုန် ချက်ပြုတ်စေခဲ့ပြီး အပြင်မှာ ဂုဏ်ယူဝင့်ကြွား စကားဧည့်ခံနေသည် က မေရတီတု ဖြစ်၏။ ခုလဲ ကြက်သားကို ထပ်ကြော်ခိုင်းနေသေးသည် ။

"ပြောလိုက်ရင် လုပ်နေတယ်ကြီးပဲ ငါမလစ်ရဲဘူး လစ်ရင် လစ်သလို အချောင်ခိုလွန်းတယ်"

"မားမားရယ် ပြောနေပြန်ပါပြီ စိတ်တို ချင်စရာတွေကို ဟွန့်"

လာပါပြီ အမေတူသမီး တုတုသံသာ သားမိနှစ်ယောက်ရဲ့ အသံက တစ်လေသံထဲ။ အမိန့်ပေး ရွဲ့ပြောတဲ့ နေရာမှာ အတော်ဆုံး သားမိနှစ်ယောက်။ စကားပြောပုံက ရုပ်ကလေးနဲ့ မှ မလိုက် မာနမင်းသမီးလေး ...။ ခုလဲ အရုပ်ကလေး ရင်ခွင်မှာ ပိုက်ကာ မျက်နှာကို မဲ့ရင်း ရွံ့ရှာသလို ကြည့်ကာ ပြောနေသည် ။

"လာ သမီး အပြင်မှာ သမီးပါးပါးရဲ့ သူငယ်ချင်းတွေ ရောက်နေတယ် သမီးက ပါးပါးရဲ့ သမီးဆိုတာ ထွက်ပြရမယ် ... လာလာ"

"ဟုတ် မားမား"

လက်ကိုဆွဲကာ ထွက်ဖို့ လုပ်တော့ လွှမ်းလေးက ပါးပါးဆိုတဲ့ အသံလေးကြောင့် ...

"မီးမီးလည်း လိုက်လို့ ရလား မေမေကြီး မီးမီးလည်း ပါးပါးရဲ့ သမီးဆိုတာ ပြောပြချင်တယ်"

"တိတ်စမ်း!! နင်နဲ့ တန်လို့ လား ပါးပါးသမီးဖြစ်ရအောင် မယားငယ် သမီးကများ ရာရာစစ"

တုတုသံသာရဲ့ ဆောင့်အောင့်ကာ ပြောလာတဲ့ စကားကြောင့် မေသုခ ခေါင်းထဲ ဂျိမ်းခနဲမည်၏။

"အိုး ... မမကြီး"

"ဘာဖြစ်လဲ မောသုခ"

ကိုယ့်ရှေ့မှာ တင် သမီးလေးကို စိတ်ဒဏ်ရာဖြစ်စေမဲ့ စကားကို ပြောတာတော့ မောသုခ ခွင့်မလွှတ်နိုင် မိခင်ဖြစ်သူက ဆုံးမမှာ ပဲ ဆိုတဲ့ အတွေးနဲ့ လှမ်းခေါ်တော့ မိခင်ကပါ သမီးဘက်က ဖြစ်နေတော့ မောသုခ မသက်သာပါ။

"မမကြီး ... တုတုလေးကို ဆုံးမပါဦး ဒီအရွယ်လေးနဲ့ အရမ်းရိုင်းနေတယ်"

"အဲတော့ ဘာဖြစ်လဲ ... တုတုက ရိုင်းတယ် ... ဘာဖြစ်လဲ မယားငယ်မို့ မယာငယ်သမီးလို့ ခေါ်တာ ရိုင်းတယ်ထင်ရင် ... သဘောပေါ့ ဒေါ်မောသုခ"

"ကဲပါ ... သမီးလေးရယ် ထားလိုက်ပါ အမိုက်တွေကို လာပါ သမီးရယ် အပြင်ထွက်ရအောင်"

အပြင်ကို လှမ်းထွက်တာတောင် တုတုရဲ့ မျက်စောင်းလေးက လွမ်းလေးစီကို ဒိုင်းခနဲ ကြရောက်လို့ လာသည် ။ မောသုခ သမီးဖြစ်သူကို ဖက်တွယ်ပေးလိုက်ကာ ...

"စိတ်မဆိုးရဘူးနော် ... ပြီးတော့ ... ခုနက မမလို စကားမျိုး ဘယ်သူ့ကိုမှ လည်း မပြောရဘူးနော် ပြောရင် ငရဲကြီးလိမ့်မယ်"

"ဟုတ်ကဲ့ပါ မေမေ မီးမီး မပြောပါဘူး"

ဝမ်းနည်းစိတ်ကို ရင်မှာ မျိုသိပ်ကာ ဒီဒုက္ခက ကိုယ်အရင်က ပြုခဲ့သည့် ဝဋ်ကြွေးလို့ သာ မောသုခ သတ်မှတ်လိုက်၏။

***

## အခန်း(၂)

"ကို ... လာပြီလား"

ခြံထဲဝင်သည် နှင့် အပြုံးမျက်နှာလေးနှင့် ဆီးကြိုသူ မေရတီတု။ ဆွေးရိပ်ထင် ပြုံးကာ ဖက်လိုက်သည် ။

"ပါးပါး!!"

အသံစာစာလေးနှင့် အိမ်ထဲက ပြေးထွက်လာသူ ချစ်သမီးလေး တုတုသံသာ ...

"အား ... တုတု ... သမီးလေး"

နိုင်ငံခြားမှ ပြန်လာသော ဖခင်ကို တွေ့တော့ တုတု ဖခင်ပေါ်သို့ ခုန်တက်သည် ။ ဒါကို အပြုံးမျက်နှာဖြင့် ပွေ့ချီလိုက်သူက ဆွေးရိပ်ထင် ဖြစ်၏။

"ပါးပါးကလည်း တုတုက လာကြိုမယ် ပြောထားတဲ့ ဟာကို တစ်ယောက်ထဲ ပြန်လာတယ်ပေ့ါလေ တုတုက အလှတွေပြင်ထားတာကို ခုတော့ အလကားဖြစ်သွားပြီပေ့ါ ဟွန့်"

တုတုက နှုတ်ခမ်းလေးစူကာ စိတ်ကောက်သလိုပြောတော့ ဆွေးရိပ်ထင် သဘောကြစွာ ပြုံးရင်း တုတုပါးပြင်လေးကို နမ်းကြူသည် ။

"ပါးပါးက တစ်ယောက်ထည်း ပြန်လာတာမဟုတ်ပါဘူး ဟိုမှာ ဒရိုင်

ဘာ ပါပါတယ် ပြီတော့ တုတုလေးလည်း မပင်ပန်းတော့ဘူးပေ့ါ"

ချော့မြူသလို ပြောတော့ တုတု ... ဆွေးရိပ်ထင်ကို အတင်းဖက်တွယ်ကာ ပုခုံးပေါ်သို့ မျက်နှာကိုမှောက်ရင်း ...

"ပါးပါး ... အဝေးကို ထပ်မသွားရတော့ဘူးနော် တုတုတို့ နဲ့ ပဲ နေပေးပါ"

"အင်း ... ပါးပါးနေပေးပ့ါမယ်နော်"

"ယေး ... ဒါမှ ပါးပါးကွ"

ဆွေးရိပ်ထင်ရဲ့ လက်ပေါ်မှာ ပျော်မြူးနေတဲ့ တုတု ဆွေးရိပ်ထင်မျက်ဝန်းတွေကလည်း ဖုံးမနိုင် ဖိမရ အပျော်တွေ ဒါကို ပန်းပင်လေးအကွယ်ကနေ ကြည့်နေသူက လွမ်းလေး စိတ်ထဲမှာ လဲ ပါးပါး သူ့ကို တုတုလိုပဲ ချီရင်ကောင်းမယ် ဆိုတဲ့ မျော်လင့်ချက်ကလေးနဲ့ မရဲတရဲလေး ဆွေးရိပ်ထင် အနားသို့ လျောက်လာခဲ့သည် ။

"ပါးပါး"

ခေါင်းလေးငုံ့ကာ အသံက မပွင့်တပွင့်တပွင့်လေး ခေါ်လိုက်သည် ။ ဆွေးရိပ်ထင် ငုံ့ကြည့်နေတာ အတော်ကြာသည် ။ လွမ်းလေး အားတင်းပြီး ခေါင်းမော့ကြည့်သည် ။

"ပါးပါး ... မီးမီးကိုလည်း မမတုတုလို ချီပါလားဟင်"

လက်ကို ရှေ့ဆန့်ထုတ်ကာ ချီခိုင်းလျှင် ...

"ကို ... အိမ်ထဲ ဝင်ရအောင်လေ အိမ်ထဲမှာ ကို့သူငယ်ချင်းတွေ ရောက်နေတယ်"

မေရတီတုရဲ့ အသံကြားတော့

ဆွေးရိပ်ထင် မျက်မှောင်ကြုတ် ကာ လွမ်းလေးကို မထိမချိပဲ တုတု လေးကိုသာချီပြီး အိမ်ထဲသို့ ဝင်သွားခဲ့သည် ။ ဒါကို လွမ်းလေးကြည့်ကာ မျက်ရည်ဝိုင်းပြီး ...

'ပါးပါး မီးမီးကို မချီဘူး'

စိတ်ထဲတွေးမိပြီး မြေပြင်ပေါ်သို့ မျက်ရည်လေးက ကြွေဆင်းသွား၏ ။ တုတုကတော့ ဆွေးရိပ်ထင်ရဲ့ လက်ပေါ်မှာ ပါသွားခဲ့ကာ လွမ်းလေး ကို မျက်နှာမဲ့ပြရင်း လျှာထုတ်ပြ၏။

"သမီးလေး"

"မေမေ"

မောသုခ သမီးလေးရဲ့ အဖြစ်ကိုတွေ့တော့ စိတ်မကောင်းဖြစ်သွား ၏။ ရင်ခွင်ထဲ ဆွဲသွင်း၍ ဖက်ထားလိုက်၏။

"လာသမီး မေမေတို့ အပြင်သွားရအောင်"

"ဟုတ်မေမေ"

လွမ်းလေး ငိုနေပါသော်လည်း အသံမထွက် မျက်ရည်လေးသာ ကျ သည် ။

ခြံလေးထဲကနေ မောသုခ ခေါ်ထုတ်လာခဲ့သည် ။ မခေါ်ထုတ်လို့ လဲ မဖြစ်။ သူတို့ သားအမိကို ရှိတယ်လို့ တောင် မတွေးတဲ့ ဆွေးရိပ်ထင်ရဲ့ မျက်ဝန်းထဲကနေ ထွက်ခွာလာတာ အကောင်းဆုံးဖြစ်သည် ။ မဟုတ်ပါ လျှင် ဘယ်လိုပုံစံတွေနဲ့ လွမ်းလေးကို ဆက်ဆံမည်မသိ။ ငယ်ရွယ်သေး တဲ့ လွမ်းလေးကို စိတ်ဒဏ်ရာ မဖြစ်စေချင်တာကြောင့် အပြင်ကို ခေါ်ထု တ်ခဲ့ခြင်း ဖြစ်သည် ။

လွမ်းလေး မိခင် ခေါ်ရာနောက်ကို လက်လေး ဆွဲကာ ပါသွားခဲ့ရင်း …

"မေမေ ပါးပါး ကလေ မီးမီးကို မချစ်ဘူးထင်တယ်နော် မီးမီးကို မမ တုတုလို မချီဘူး"

စိတ်မကောင်းစွာ ပြောလာတဲ့ သမီးလေးရဲ့ အသံကြောင့် မောသုခ မျက်ရည်တွေ အိခနဲ့ ပြိုဆင်းလာသည် ။ ပြီးနောက် လွမ်းလေးရှေ့မှာ ဒူးထောက်ထိုင်သည် ။

"ပါးပါးက ပင်ပန်းနေလို့ ပါ သမီးရယ် လက်တစ်ဖက်ထဲနဲ့ နှစ်ယောက်ချီလို့ လည်း မရဘူးလေ သမီးလေးက ပါးပါးကို နားလည်ပေးရမှာပေါ့"

"ဟုတ်ကဲ့ မေမေ မီးမီးပါးပါးကို နားလည်ပါတယ်"

မောသုခ လွမ်းလေးရဲ့ ပါးကို ချစ်စနိုးလေးနဲ့ ညှစ်ဆွဲကာ ပြောတော့ လွမ်းလေး စိတ်မကောင်းစွာ ခေါင်းလေးငုံ့ရင်း အသံတိမ်တိမ်လေးဖြင့် ပြောသည် ။ မောသုခ လွမ်းလေးကို ရင်ခွင်ထဲမှာ ပွေ့ဖက်ကာ

'တောင်းပန်ပါတယ် သမီးလေးရယ် မေမေ့ကြောင့် သမီးကို နာကျင်စေမိလို့ … မေမေ ဆုတောင်းပါတယ် သမီးပါးပါး သမီးကို ချစ်လာပါစေလို့ '

မောသုခရဲ့ အတွေးနဲ့ ထပ်တူကျတဲ့ လွမ်းလေးရဲ့ အတွေးကတော့ …

'ပါးပါးသူ့ကို တစ်နေ့ချစ်လာမှာ ပါ'

ဖွဲကမ္ဘာရှော့ပင်းမောက ပြန်ထွက် လာပြီး ကမ္ဘာပျက်မတက် သမီးဖြစ်သူ "ကြယ်စုံကမ္ဘာ" ကို လိုက်ရှာနေသည် ။

"ကျွစ် ... ဒီကောင်မလေး ဘယ်တွေသွားနေပြန်ပြီလဲ"

ကားကို ကျောမှီကာ အမောဖြေနေရင်း မျက်ဝန်းတွေက ဟိုဟိုဒီဒီ လိုက်ရှာနေ၏။

မောသုခ လွှမ်းလေးရဲ့ လက်ကိုဆွဲကာ ရယ်မောရင်းနဲ့ လျှောက်လှမ်းနေတုန်း သူ့ဆီကိုတဟုန်ထိုးပြေးဝင်လာတဲ့ မိန်းကလေးတစ်ဦး …

"အို့ ... အို့ ဘာဖြစ်လာတာလဲ ကလေးမ"

မောသုခရဲ့ ခြေထောက်ကို အတင်း ပြေးဖက်တွယ်တော့ မောသုခ ပြာပြာသလဲ မေးသည် ။

"အီးဟီး ... ဒယ်ဒီကို မတွေ့တော့ဘူး ... ဒယ်ဒီကို ရှာမရတော့ဘူး ... အီးဟီးဟီး"

"အယ် ... "

ကိုယ်လေး တသိမ့်သိမ့်တုန်ခါနေအောင် ငိုရှိုက်ရင်း ပြောသံတွေက မပီမသ ...။ မောသုခ ကလေးမလေးရှေ့မှာ ဒူးထောက်ထိုင်ရင်း …

"ဒါဆို ဒေါ်ဒေါ်ပြန်လိုက်ပို့မယ် သမီးဒယ်ဒီကို ဘယ်နားမှာ ပျောက်သွားတာလဲ"

"ရှော့ပင်းမောမှာ "

ရှော့ပင်းမောနဲ့ မောသုခတို့ နဲ့ သိပ်မဝေး နီးနီးလေးသာ ဖြစ်နေ၏။ ဒါကို ဒီကလေးမလေးက သူ့ဒယ်ဒီ ပျောက်နေတယ်ဆိုတော့ ... ကြည့်ရတာ မျက်စိလည်တာဖြစ်မည်။ ငယ်က ငယ်နေသေးတော့ ...။

လွှမ်းလေးနဲ့ နှိုင်းတာကြည့်ရင် ထိုကလေးမလေးက ၉ နှစ်လောက်

သာ ရှိဦးမည်။

"ကဲ ... ဟုတ်ပါပြီ ဒါဆို ဒေါ်ဒေါ်နဲ့ အတူ ရှော့ပင်းမောကို သွားကြမယ်လေ ဟုတ်ပြီလား"

"တကယ်လား ဟင့်"

မျက်ရည်တွေကို ဖိသုတ်ကာ ရှိုက်သံလေးနှင့် မေးသည် ။

"တကယ်ပေါ့"

ကလေးမလေးရဲ့ ခေါင်းကို အသာပုတ်ကာပြောတော့ ထိုကလေးမလေး မျက်ဝန်းထဲမှာ ဝမ်းသာလွန်းလို့ အရည်လေးလဲ့ကာ ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဒေါ်ဒေါ် ... သမီးနာမည် ကြယ်စုံကမ္ဘာပါ ကြယ်လေးလို့ ခေါ်လဲရပါတယ်"

"ဟုတ်လား ... ဒေါ်ဒေါ်နာမည်က မောသုခတဲ့ ဟောဒီက ဒေါ်ဒေါ်သမီး လွမ်းမောဖွယ်တဲ့ လွမ်းလေးလို့ ခေါ်ပေါ့"

"ဟုတ်ကဲ့"တွေ့ရတာ ဝမ်းသာပါတယ် လွမ်းလေး တို့ နာမည်က ကြယ်လေးတဲ့ မှတ်ထားနော်"

"အင်း အတူတူပါပဲ ကြယ်လေး လွမ်းလေးလည်း ဝမ်းသာပါတယ်"

လွမ်းလေးကို လှမ်းကြည့်ကာ အပြုံးလေးဖြင့် ကြယ်လေး နှုတ်ဆက်သည် ။ ထို့အတူ လွမ်းလေးလည်း အပြုံးလေးနဲ့ နှုတ်ဆက်သည် ။

"သမီးမှာ သာ လွမ်းလေးလို မေမေရှိရင် သိပ်ကောင်းမှာ ပဲ"

"ဟင် ... သမီးမေမေက ဘယ်သွားလို့ လဲ"

ခေါင်းလေးငုံ့ကာ ဝမ်းနည်းစိတ်နဲ့ ပြောနေရှာတဲ့ ကြယ်လေးကို မော

သုခ မေးမိသည် ။

"ဒယ်ဒီပြောတော့တော့ မေမေက ကောင်းကင်ဘုံမှာ တဲ့ သမီးသာ လိမ္မာနေရင် မေမေကသမီးကို ပြန်လာတွေ့မယ်တဲ့ သမီးလိမ္မာနေပေမယ့် သမီးခုချိန်ထိ မေမေ့ကိုမတွေ့ဖူးသေးဘူး"

"ဩော် ... ဖြစ်ရလေသမီးလေးရယ်"

ကြယ်လေးရဲ့ စကားကိုကြားရပြီး မောသုခ စိတ်မကောင်း ဖြစ်သွားသည် ။ ပြီးနောက် လက်လေးကို ဆန့်ထုတ်လိုက်ကာ ...

"လာ ... ခုချိန်မှာ သမီးလေးရဲ့ မေမေအဖြစ် နေပေးမယ် မေမေ ဖက်ထားပေးမယ်လာ"

"အဲဒီလို လုပ်လို့ ရလားဟင်"

"ရတာပေါ့ သမီးလေးရဲ့ ... လာပါ"

"အင့် ... ဟုတ်ကဲ့"

ကြယ်လေး တစ်ချက်ရှိုက်ကာ မောသုခရဲ့ ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်လိုက်ကာ ဝမ်းပမ်းတနည်း ငိုကြွေးသည် ။ မောသုခ ကြယ်လေးရဲ့ ကျောပြင်ကို ပွတ်သပ်ပေးကာ နှစ်သိမ့်ပေးလိုက်သည် ။ ဒါကို လွမ်းလေးက ...

"ကြယ်လေး ... "

"ဟင်"

လွမ်းလေးခေါ်တော့ ကြယ်လေးက မောသုခ ရင်ခွင်ထဲကနေ တိုးထွက်ရင်း မျက်ရည်တွေ သုတ်ကာ ထူးသည် ။

"ကြယ်လေးမှာ ပါးပါးရှိလားဟင်"

"အင်း ... ရှိတယ်"

"ဒါဆိုကြယ်လေးကိုရော ကြယ်လေးပါးပါးက ချစ်လား"

"အင်း ... ကြယ်လေးပါးပါးက ကြယ်လေးကို အရမ်းချစ်တာ ကြယ်လေး လိုချင်တာတွေ အားလုံးကိုလည်း ဝယ်ပေးတယ်"

ကြယ်လေးရဲ့ စကားကြောင့် လွမ်းလေး မျက်ရည်လေးဝိုင်းကာ ...

"အီးဟီး ... မေမေ ... မီးမီးလည်း ကြယ်လေးပါးပါးလို ပါးပါးတစ်ယောက်လိုချင်တယ် ... အီးဟီး ... ဟင့်"

"ဟင်"

'အယ် ... ဒုက္ခပါပဲ'

မောသုခ ဘာလုပ်ရမလဲမသိ ဖြစ်သွားရပြန်သည် ။ လွမ်းလေးက ဒီလောက်ထိ ဖခင်မေတ္တာကို တောင်းတနေသည် တဲ့ လား ... ။ ဒါဟာ ... သူ့အမှားကြောင့်ပါ ... သူမကောင်းလို့ ပါ။

"အီးဟီး ... ကြယ်လေးလဲ ... လွမ်းလေးမေမေလို မေမေတစ်ယောက်လိုချင်တယ် ... အင့် ... ဟီးဟီး"

"အယ် ... မငိုနဲ့ လေ ... နှစ်ယောက်လုံး တိတ်ပါ ... မငိုပါနဲ့ နော်"

လွမ်းလေး ဖြစ်ချင်တာကို ပြောပြီးငိုတော့ ကြယ်လေးပါ လိုက်ပြောပြီး ငိုပြန်သည် ။ မောသုခ ကလေးနှစ်ယောက်ကြားမှာ ဘယ်သူ့ကို ချော့ရမလဲမသိဖြစ်ကာ စိတ်ညစ်သွားသည် ။

လမ်းသွားလမ်းလာသူတွေလည်း မောသုခနဲ့ ကလေးနှစ်ယောက်ရဲ့ အဖြစ်ကို ရပ်ကြည့်သူကကြည့် နေကြသည် မှာ လူအုပ်ကြီးကိုဖြစ်လို့ ။

မသိရင်ပဲ မောသုခက ကလေးတွေ မုန့်ပူစာတာကို မဝယ်ကျွေးနိုင်

သည့် အလားသို့ လုံးလုံး ရောက်ရှိသည် ။

ထိုအချိန် မောသုခတို့ အနားကို အမောတကော အပြေးရောက်လာတဲ့ လူတစ်ယောက် ...

"သမီး ... ကြယ်လေး"

'ဟင်'

"ဒယ်ဒီ!!"

"ရှာလိုက်ရတာကွာ ... ဒယ်ဒီဖြင့် ... အရမ်းစိုးရိမ်သွားခဲ့တာ"

"အီးဟီး ... ဟင့်ဟင့်"

ကြယ်လေး ဇွဲကမ္ဘာရဲ့ ရင်ခွင်ထဲ တိုး၍ ငိုပြန်သည် ။ ဇွဲလဲ ကြယ်လေးကို ဖက်တွယ်ထားတာ လွတ်ထွက်သွားမှာ စိုးသည့်အလား။ ဘေးနားက လူတွေကို သတိမပြု မိအားတော့ပါ။ အချိန်ကြာ သည် အထိ မောသုခ ကြောင်ငေးကာ ကြည့်နေခဲ့ပြီး ...

"ရှင် ... ရှင် ... ဇွဲကမ္ဘာလား"

အသံကြည်ကြည် အမေးလေးကြောင့် ဇွဲ  ကြယ်လေး ကို ဖက်ထားရာကနေ အသံရှင်ကို လှမ်းကြည့်သည် ။

"မော!"

အသံရှင် မောသုခ ကိုတွေ့တော့ ဇွဲ အံ့အားသင့်စွာ ခေါ်သည် ။ မောသုခ မျက်နှာလေး တစ်ချက် ပြုံးရိပ်သန်းသွားခဲ့ရင်းမှ ပြန်လည်တည်တံ့ခြင်းကို ရောက်ကာ ...

"ခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် ကိုဇွဲကမ္ဘာ"

ကြယ်လေးနဲ့  လွမ်းလေးတို့ နှစ်ယောက်မှာ မောကိုတစ်လှည့် ဇွဲကို

တစ်လှည့် ကြည့်နေကြချိန် ...

"မော ... မင်း"

"မောတို့ ကို ခွင့်ပြုပါဦး ကိုဇွဲကမ္ဘာ ... လာသမီးသွားရအောင်"

လွှမ်းလေးရဲ့ လက်ကိုဆွဲကာ ထရန်ပြင်သည် ။

"မော ... ခဏနေဦး ... ကိုယ်တို့ စကားပြောရအောင်"

အလျှင်မြန် တားလိုက်တဲ့ ဇွဲကို မောသုခ တစ်ချက် ကြည့်သည် ။ ဇွဲရဲ့ မျက်ဝန်းတွေမှာ ခုလို တွေ့ဆုံတာကို မယုံနိုင်သေးတဲ့ အကြည့်တွေပါ နေ၏။

"မော ... ဘက်က ဘာမှ ပြောစရာမရှိပါဘူး ကိုဇွဲကမ္ဘာ"

"မောဘက်က မရှိပေမယ့် ကိုယ့်ဘက်က ရှိတယ်မော ဒါကြောင့် အချိန်ခဏပေးပါ ကိုယ် တောင်းဆိုပါတယ်"

တောင်းပန် တိုးလျှိုတဲ့ အကြည့်တွေနဲ့ ပြောတာကြောင့် မောသုခ ဘာမှ မပြောတော့ပဲ ငြိမ်နေလိုက်သည် ။ မငြိမ်လို့ လဲမဖြစ် လမ်းလယ်ခေါင်ကြီးမှာ ဆွဲလား ရမ်းလား ဖြစ်လာရင် ပြဿနာတက်သွားနိုင်သည် ။ နောက်ပြီး ဇွဲကမ္ဘာနဲ့ စကားပြောနေချိန်မှာ လမ်းသွားလမ်းလာတွေက တကြည့်ကြည့်နှင့် တီးတိုးစကားတွေ ပြောနေသေးသည် ။ မော အသာ ခေါင်းညိတ်လိုက်၏။ ဇွဲထိုင်နေရာမှ ထလိုက်ကာ မောတို့ နှင့်အတူ ကားဆီကိုလာခဲ့ကြသည် ။

"ဒါနဲ့ ဒီကိုလာတာ မောတို့ သားမိ နှစ်ယောက်ထည်းလား ကိုဆွေးရိပ်ထင်ရော မပါဘူးလား"

"ပါးပါးက မီးမီးတို့ နဲ့ အတူ ဘယ်တော့မှ ဒီလိုမလိုက်ဘူးဦးဦး"

"သမီး"

ဖွဲ့ရဲ့ အမေးကို မောသုခ မဖြေခင်ကြားထဲက လွမ်းလေးဖြေသည် ။ လွမ်းလေးရဲ့ စကားကို ဖွဲ့ကြားတော့ မောသုခကို ကြည့်သည် ။ မျက်ခုံးတွေက တွန့်ချိုးနေ၏။ မောသုခကို ကြည့်တဲ့ အကြည့်မှာ လဲ ဘယ်လိုအခြေနေကြီးလဲ ဆိုတဲ့ မေးခွန်းမျိုးပါသည် ။ မောသုခ မျက်နှာလေးလွဲကာ ...

"ဆွေးရိပ်ထင်က အလုပ်မအားလို့ လေ"

" ဩော်!"

" မဟုတ်ဘူး ပါးပါးက မမတုတု တို့ နဲ့ ပဲ အပြင်လျှောက်လည်တာ မီးမီးကိုဆို တစ်ခါမှ မခေါ်ဘူး"

"သမီး ... လွမ်းလေး"

မော အသံ ခက်ဆက်ဆက်လေးနဲ့ အော်တော့ လွမ်း ခေါင်းလေးငုံ့ကာ ငြိမ်သွားသည် ။

"ကလေးက အမှန်တိုင်းပဲပြောတယ် မော"

ကြားထဲက ဖွဲ့ရဲ့ စကားကြောင့် မောသုခ မျက်နှာတော့ မကောင်းရှာ ...

ဖွဲ့ လွမ်းလေးရဲ့ ရှေ့မှာ ဒူးထောက်ထိုင်ကာ ...

"ပြောပါဦး သမီးပါးပါးက သမီးကို တစ်ခါမှ အပြင်ခေါ်မလည်ဘူးလား"

"ဟင့်အင်း ပါးပါးက မမတုတုနဲ့ မေမေကြီး တို့ ကို့ပဲ ခေါ်လည်တာ မီးမီးနဲ့ မေမေကို တစ်ခါမှ မခေါ်ဘူး နောက်ပြီး ပါးပါးရှိတဲ့ အချိန်ဆိုရင်

မေမေနဲ့ မီးမီးက အိမ်ကြီးရှိရာ ကိုမသွားရဘူး အဲဒါ ပါးပါးရဲ့ အမိန့်ပဲ"

"ဘယ်လို"

ဖွဲ့ အံ့အားသင့်စွာ မောသုခကိုမော့ကြည့်တော့ မောသုခရဲ့ မျက်ဝန်းတွေ မှာ မျက်ရည်တွေ ပြည့်အိုင်နေတာကို တွေ့လိုက်ရသည် ။ ဖွဲ့ ... လွမ်းလေးရဲ့ ဦးခေါင်းကို အသာပုတ်လိုက်ကာ ...

"ကဲ ... ဒါဆို ... ဒီနေ့ဦးဦးကပဲ သမီးလေးရဲ့ ပါးပါးအဖြစ် နေပေးမယ် ဘယ်လိုလဲ"

"တကယ်လား"

"ကိုဖွဲ့"

လွမ်းလေးက ဝမ်းသာအားရ မေးလျှင်ပဲ မောသုခဆီမှ အလန့်တကြား အသံလေးက ထွက်လာ၏။

"ကိုယ်အဆင်ပြေပါတယ် မော ... ဒါကြောင့် မပူပါနဲ့ "

မောသုခကို ဒီလောက်လေးသာ ပြောလိုက်သည် ။ ဘာကြောင့်ရယ်တော့မသိ ဖွဲ့ရဲ့ မျက်နှာက စောနကလို မဟုတ်တော့ပဲ ခက်ထန်နေ၏။ မောသုခ ခြေဖျား လက်ဖျား တွေပင် အေးစက်စက်ဖြစ်လို့ လာသည် ။

"ဟို ... ဟို ... မောတို့ "

"ကဲ ... ကလေးတို့ ကားပေါ်တက် ဒီနေ့ပါးပါး ကစားကွင်းလိုက်ပို့မယ်"

"အို့ ... ကိုဖွဲ့"

မောသုခ တားမလို့ ဟန်ပြင်ပေမယ့် ဖွဲ့ရဲ့ အကြည့်တစ်ချက်မှာ တင်တားမဲ့စကားလုံးတွေ ပျောက်ရှကုန်သည် ။

"ရေး ... ဒါမှ ကြယ်လေးရဲ့ ဒယ်ဒီကွ ... ဘယ်လိုလဲ လွမ်းလေး ကြယ်လေးတို့ နဲ့ လိုက်မယ်မို့လား"

"အင်း"

ကလေးနှစ်ယောက်က အပျော်ကြီးပျော်ကာ ကားပေါ်သို့ တက်ထိုင်သည် ။ ဖွဲကတော့ မောသုခကို ကားတံခါးဖွင့်ပေးကာ မျက်စပစ်ပြသည် ။

"ကိုဖွဲ့ ဘာလို့ ဒီလိုလုပ်တာလဲ ဘာကြောင့်လဲ"

"အကြောင်းရှိလို့ ပေ့ါမော ကဲပါ တက်တော့"

တစ်ချက်လွှတ် အမိန့်များ လား။

ကလေးနှစ်ယောက်ကို ကားနောက်ခန်းမှာ ထိုင်စေကာ မောသုခကိုတော့ သူနဲ့ အတူ ခေါင်းခန်းမှာ ထိုင်စေသည် ။ ဖွဲကမှာ မောင်းသူနေရာမှာ ဝင်ထိုင်ကာ ...

ကားလေးသည် ဖွဲ၏ လမ်းညွှန်ရာ အတိုင်းသို့ တစ်ရွေ့ရွေ့ မောင်းနှင်းနေ၏။

သိပ်များ မကြာမီ ကစားကွင်းရောက်သည် နှင့် လွမ်းလေးနဲ့ ကြယ်လေး ကားပေါ်မှ ဆင်းကာ ကစားကွင်းဆီသို့ အပြေးကလေး ဝင်သွားကြသည် ။

ကားပေါ်မှာ ကျန်ရစ်ခဲ့သည် က မောသုခနဲ့ ဖွဲ ...

"ဟို ... ကျေး ... ကျေးဇူးတင်ပါတယ် ကိုဖွဲ့ သမီးလေးကို ကစားကွင်း လိုက်ပို့ပေးလို့ "

"ဒါက ကိုယ်လုပ်သင့် လုပ်ထိုက်တယ်ထင်လို့ ပါ"

"ဟင်"

ခွဲရဲ့ စကားကြောင့် မောသုခ လှည့်ကြည့်သည် ။ ခွဲလည်း မောသုခကို လှမ်းကြည့်ကာ ...

"မင်းချစ်သူတစ်ယောက်အနေနဲ့ ကိုယ်လုပ်သင့်တာကို လုပ်တာပါ မော"

"ရှင်း!"

ခွဲရဲ့ နောက်ဆက်တွဲစကားကြောင့် မောသုခ မျက်ဝန်းတို့ ပြူးကျယ်သွားသည် ။ ထို့နောက် နှစ်ယောက်သား အတန်ကြာအောင် စကားမပြောမိပဲ ငေးစိုက်ကြည့်နေကြပြီး ...

"ကိုခွဲစကားတွေက ခုချိန်မှာ ဘာများ အသုံးဝင်တော့မှာ မို့လို့ လည်း ကိုခွဲ"

"ခုချိန်မှာ အသုံးမဝင်ရင်တောင် တစ်ချိန်ချိန်တော့ အသုံးဝင်မှာ ပါ မော ... ကိုယ်မောနဲ့ အရင်လို ပြန်နေချင်တယ်"

ခွဲရဲ့ စကားကိုကြားတော့ မောသုခ မျက်ရည်တွေက အိခနဲ့ ပြိုဆင်း လာခဲ့ကာ ...

"မဖြစ်နိုင်တော့တာကို မပြောပါနဲ့ ကိုခွဲ အရင်လို ပြန်နေရလောက် အောင် မောက ၁၈ နှစ်အရွယ် မိန်းမပျိုမဟုတ်တော့ဘူး"

မောသုခ မျက်နှာလေး လွှဲဖယ်ကာ ပြောလိုက်လျှင် ...

"မော ... မင်းက မိန်းမပျိုဖြစ်မှ ကိုယ်မင်းနဲ့ အရင်လိုပြန်နေချင်တာ မဟုတ်ဘူး ကိုယ့်အမှားတွေ ပြန်ပြီးချေဖျက်ချင်လို့ တောင်းဆိုတာပါ မော"

မောသုခရဲ့ မျက်နှာကို သူ့ဘက်ပါအောင် ဆွဲလှည့်ရင်း ပြောလိုက်၏ ။

"မလိုတော့ပါဘူးကိုဖွဲ့ မော ခွင့်လွှတ်ပေးပါတယ် မောကို မနှောက်ယှက်ပါနဲ့ ပြီးတော့ မောဘ၀မှာ သမီးလေးရှိနေရုံနဲ့ မောဘ၀ ပြည့်စုံနေပါပြီ နောက်ပြီး မောမှာ ကိုဆွေးရိပ်ထင် ရှိနေပြီပဲ"

"ကျွတ် ... ကိုယ်မင်းကို နှောက်ယှက်နေတာ မဟုတ်ဘူး မော"

မောသုခရဲ့ အပြောကြောင့် ဖွဲ့ စိတ်ပျက်သလို စုတ်သပ်သည် ။ ထို့နောက် မောသုခရဲ့ ပုခုံးနှစ်ဖက်ကနေ ဆွဲကိုင် လှုပ်ရမ်းကာ ...

"မင်းမှာ ရှိနေပြီဆိုတဲ့ ဆွေးရိပ်ထင်က မင်းကိုဘာတွေများ ပြီးပြည့်စုံအောင် လုပ်ပေးလို့ လဲ မော ဟမ် ... ပြောစမ်းပါ ဟာကွာ ... "

အလိုလိုနေရင် ဒေါသထွက်လာတဲ့ ဖွဲ့ကို မောသုခ အံလေးကြိတ်ကာ ...

"သူပြီးပြည့်စုံအောင် မောကို ဘာမှ မလုပ်ပေးနိုင်ပေမယ့် မောပျော်ပါတယ် ... မှားယွင်းသွားတဲ့ ဘ၀တစ်ခုတွက် သူကာကွယ်ပေးခဲ့နိုင်တယ် ... ကိုဖွဲ့လို အဝေးထွက်မသွားခဲ့ဘူး အဲဒါကို ကိုဖွဲ့သိရဲ့ လား ... အီး ဟီး ... ဟင့်အဟင့်ဟင့်"

ဖွဲ့ကို ထုရိုက်ကာ အားပါးတရ ငိုကြွေးလိုက်တဲ့ မောသုခကို ဖွဲ့ကြည့်ကာ ရင်ထဲ မချိမဆန့် ခံစားလိုက်ရသည် ။

"ကိုယ်အဝေး ထွက်သွားခဲ့တာ မဟုတ်ပါဘူးမော ... ကိုယ်မင်းဆီကို လာခဲ့ပါတယ် ... ဒါပေမယ့် ... အချိန်တွေ လွန်ကုန်တာ ... ကိုယ်မင်းဆီကို ... အချိန်မှီ ရောက်မလာ နိုင်ခဲ့တာလေး တစ်ခုပါ ... ကိုယ်မင်းဆီကို လာခဲ့ပါတယ်ကွာ ..."

မချိမဆန့်ခံစားနေရတဲ့ အသံလေးနဲ့ အတူ မောသုခကို ရင်ခွင်ထဲ ဆွဲသွင်းကာ ဖက်ထားပြီး ပြောသည် ။

"တကယ် မောဆီကို လာခဲ့သေးတာလား"

မျက်ရည်စိုလူးနေတဲ့ မျက်ဝန်းအစုံဖြင့ မော့ကြည့်ကာ မေးသည် ။ မောသုခရဲ့ မျက်ရည်တွေကို ဖွဲ့ အသာသုတ်ပေးလိုက်ကာ ...

"အင်း ... ကိုယ်တကယ် လာခဲ့ပါတယ် ... ဒါပေမယ့် နာရီဝက်နောက်ကြခဲ့တယ် ... ကိုယ်ရောက်သွားတော့ မောအဲဒီမှာ မရှိတော့ဘူး ... ကိုယ် အရူးတစ်ယောက်လို ရှာနေခဲ့ ပါသေးတယ်"

ဖွဲ့ရှင်းပြလိုက်တော့မှ မောသုခ မျက်ရည်တွေက ပို၍ ပြိုဆင်းလာကာ ...

"အဟင့် ... မော ... မော တောင်းပန်ပါတယ် ... ကိုဖွဲ့ အလုပ်များ တာသိပေမယ့် ... မောဆီကို အချိန်မှီရောက်မလာလို့ မောပြန်ခဲ့တာပါ ... အဲဒီမှာ ... မော ... အဟင့် ... ဟင့် ... မောဘဝ"

"ကိုယ်နားလည်ပါတယ်မော ... မငိုနဲ့ တော့နော်"

မောသုခကို ရင်ခွင်ထဲမှာ ဆွဲဖက်ထားပေးလိုက်ကာ သူအချိန်မှီ ရောက်မသွားခဲ့တာကိုပဲ အပြစ်တင်လိုက်မိသည် ။

'တကယ်ပါ ... အရမ်းချစ်တဲ့ သူနှစ်ဦးကို ... ကံကြမ္မာက မျက်လှည့်ဆန်ဆန် ရက်စက်နိုင်တာက သိပ်တော်လွန်းတယ် မဟုတ်လား'

အရမ်းချစ်တဲ့ ချစ်သူနှစ်ဦး ခိုးပြေးဖို့ စီစဉ်ထားခဲ့စဉ်က ဖွဲ့ချိန်းဆိုထားတဲ့ နေရာကို မောသုခ စောစောရောက်နှင့် နေခဲ့သည် ။ မော နဲ့ ဖွဲ့နှစ်ယောက် တစ်ဘဝ ထူထောင်ရတော့မှာ မို့ ရင်တွေလည်း အစမတန် ခုန်ပေါက်နေခဲ့သည် ။ ဒါပေမယ့် ပြဇာတ်ဆန်ဆန် လှည့်စားမှုကတော့

ထိုနေ့ညမှာ နာရီဝက်အထိ ဖွဲ့ရောက်မလာခဲ့။ ဖုန်းတွေ ဆက်ပြန်တော့လည်း ဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပတဲ့ ...။

မောကို လှည့်စားသည့် အထင်နဲ့ မောင်ိုကာ အိမ်သို့ပြန်လာခဲ့သည် ။ မနက်အဒေါ်တွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းချက်ပေးရမလဲ မသိပေမယ့် ဖြစ်ချင်ရာသာ ဖြစ်ပါစေတော့ဆိုတဲ့ အတွေးနဲ့ ပြန်လာရာဝယ်။

လမ်းခုလပ်အရောက် ... ကားတစ်စီးကို တွေ့လိုက်ရသည် ။ ဒါကြောင့်ပဲ မော ထိုကားအနီးကိုသွားကာ အိမ်ပြန်ရန်အတွက် ငှားရမ်းသည် ။ ထိုအချိန်မှာ ပဲ မောဘဝလေးကို မညှာမတာ ...

လူသားမဆန်တဲ့ လမ်းသရဲလိုလို ဘာလိုလိုနဲ့ ကောင်က မောဘဝကို ထိုနေ့ညမှာ ဖျက်ဆီးပြစ်သည် ။ ထိုသူက ... ဆွေးရိပ်ထင် ... အရက်နံ့ တစ်ထောင်းထောင်းနဲ့ လူမှန်းသူမှန်းမသိအောင် မူးရူးနေတဲ့ အချိန်မှာ ဖြစ်သွားတာမို့ အမူးပြေချိန် သူမှားတဲ့ ကိစ္စမို့ သူတာဝန်ယူသည် တဲ့ ... ဒီလိုနဲ့ ... မော ... ဆွေးရိပ်ထင်နဲ့ သာ ထိုနေ့ည ခိုးပြေးဖြစ်သွားကြသည် ။

သူ့အကြောင်းလည်း ကိုယ်မသိ ကိုယ့်အကြောင်းလည်း သူမသိနဲ့ ပေါ့ ... ...။

'အချစ်ဆိုတဲ့ အရာက အချစ်စစ်ဖြစ်မှ မဟုတ်ဘူး ... အချစ်ဆိုတာ ဦးရာလူစနစ် ဖြစ်၏ '

ခဏတာ အတွေးတွေ လွင့်မျောနေချိန်မှာ ...

"ကိုယ် ... မင်းကို သူ့လက်ထဲကနေ ရအောင်ပြန်ယူပါရစေမော ... ကိုယ့်ကို နောက်ထပ် အခွင့်ရေးလေး ပေးပါ"

တောင်းဆိုမှုစကားရဲ့ နောက်မှာ တစ်ဖြေးဖြေး သူ့မျက်နှာလေး ငုံ့ကြလာလျှင် ...

"ကိုဖွဲ့"လို့ သာ တိုးတိုးလေး ခေါ်လိုက်သည် ။

***

# အခန်း(၃)

လေးလံနေတဲ့ ခြေလှမ်းတွေနဲ့ အိမ်ထဲဝင်လာခဲ့ကာ မော ကိုယ့်နှုတ်ခမ်းလေးကို လက်နဲ့ ထိတို့ မိသည် ။

'ကိုယ် ... မောကို သူ့လက်ထဲကနေ ရအောင် ပြန်ယူပါရစေမော ကိုယ့်ကို အခွင့်ရေးလေး တစ်ကြိမ်လောက်ပြန်ပေးပါ'

'ကိုဖွဲ့အတွက် မောမှာ ပေးဖို့ အခွင့်ရေးရှိပါ့မလား မောမသိဘူးကိုဖွဲ့'

'ကိုယ်ခုချိန်ထိ မောကိုချစ်နေတုန်းပါမော ... မောလည်း ကိုယ့်ကိုချစ်တယ်မဟုတ်လား မောကိုယ့်ကို ချစ်နေသေးရင် ကျေးဇူးပြုပြီး ဒီတစ်ခါလေးပဲ အခွင့်ရေးပေးပါမော မငြင်းပယ်ပါနဲ့ လား မောရယ်'

ဖွဲ့ရဲ့ စကားတွေ ပြန်ကြားယောင်မိတဲ့ အခါ တဒုန့်ဒုန့်နဲ့ ခုန်ပေါက်လာတဲ့ ရင်ခုန်သံက အရင်လို လတ်လတ်ဆက်ဆက် ဖြစ်နေတုန်း။ ချစ်ရသူ၏ ရင်ခွင်နဲ့ ဝေးကွာခဲ့သည့် နှစ်ပေါင်းများ စွာကနေ ရုတ်တရက် သူ့ရင်ခွင်ထဲ မောပြန်ကျရောက်တော့ ကိုယ့်ကိုကိုယ်တောင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်ခဲ့ရသည့် အခြေနေလေး။ နောက်ပြီး ညင်သာစွာ နမ်းရှိုက်လာတဲ့ သူ့အနမ်းတွေက အရင်လို မက်မောစရာ ကောင်းနေပြန်သည် ။

"မော ... ဘာလုပ်ရမလဲ ကိုဖွဲ့"

မျက်ရည်လေး ပြည့်အိုင်လာပြန်ကာ အခန်းဒေါင့်ကျကျလေးမှာ

ငုတ်တုတ်လေးထိုင်ကာ ငြိမ်နေလိုက်မိသည်။

ပန်းဒါအရုပ်လေးကို ရင်ခွင်မှာ ပိုက်ကာ အပျော်ကြီးပျော်နေတဲ့ လွှမ်းလေး ...။ သူ့ကိုကိုနဲ့ စတွေ့ခဲ့တဲ့ သစ်ပင်ကြီးရဲ့ အပင်အောက်ကိုသွားကာ ထိုအပင်ကို မော့ကြည့်သည်။

"ကိုကို မီးမီးရဲ့ အရုပ်က ချစ်စရာကောင်းတယ် မဟုတ်လား ဒီပန်းဒါလေးက ကိုကိုနဲ့ တူတယ်သိလား ... အဟီး ... ဒီလိုသာ ကိုကို့ရှေ့မှာပြောရင် ကိုကို ပြန်ပြောမလားပဲ ဘာလဲ ကိုယ်ကမျက်ကွင်းညိုနေတယ်ပေါ့လေး ဆိုပြီး ကိုကိုမီးမီးကို ဆူမှာ ပဲမဟုတ်လား ကိုကို"

တစ်ယောက်ထဲ သစ်ပင်၏ ပင်စည်လေးမှာ ဝင်ထိုင်ကာ ရယ်ရယ်မောမောစကားတွေ ဖောင်ဖွဲ့နေမိသည်။

"မီးမီးကိုကို့ကို အရမ်းလွမ်းတာပဲကိုကို ... ကိုကိုမီးမီးဆီ ဘယ်တော့ပြန်လာမှာ လဲဟင် ... မီးမီးကို ကိုကို မေ့များ မေ့နေပြီလား"

ရင်ခွင်မှာ ပန်းဒါရုပ်ကို တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ရင်း ခေါင်းလေးငုံ့ကာ အလွမ်းမင်းသမီး လုပ်နေသည်။ အချိန်တွေ တစ်ဖြေးဖြေး ကုန်ဆုံးသွားသည် အထိ ထိုသစ်ပင်ရဲ့ ပင်စည်လေးမှာ ထိုင်နေသည်။

"သမီးရေ ... လွှမ်းလေး ... ဘယ်နားမှာ လဲ မေမေခေါ်နေတယ်ကြားလား"

မိခင်ရဲ့ အသံကြားမှ ခေါင်းထောင်ကြည့်ကာ ...

"မေမေ မီးမီး ဒီမှာ "

"သမီးလေးရယ် ရှာလိုက်ရတာ ဒီမှာ ဘာထိုင်လုပ်နေတာလဲ သမီး"

"မီးမီး ကိုကို့ကို လွမ်းလို့ ပါမေမေ"

"သမီးရယ် လွမ်းတာ လွမ်းတာပေါ့ ကြည့်ပါဦး သစ်ပင်ရဲ့ ပင်စည်မှာ နေနေတာ မတော်လို့ ကင်းတွေမြွေတွေ ထွက်လာရင် ဘယ်နှယ့်လုပ်မလဲ သမီးရယ်"

"ဒီမှာ က အဲလိုအကောင်တွေ မရှိပါဘူးမေမေ ဒီသစ်ပင်မှာ က ကိုကိုရဲ့ အငွေ့သက်တွေပဲ ရှိတယ်"

"သမီးရယ်"

မောသုခ ရင်ထဲ မချိမဆန့်လေး ဖြစ်သွားရသည် ။ အစွဲလမ်းကြီးလိုက်တဲ့ သမီး ဒါကလည်း သူနဲ့ တူလို့ ဖြစ်မည်။

"လာပါသမီး အိမ်ပြန်ရအောင် ရေချိုးပြီး ညစာ စားရမယ်လေ"

"ဟုတ် မေမေ"

မိခင်ရဲ့ လက်ကို ဆွဲကာ အိမ်သို့ပြန်လာခဲ့သည် ။ အိမ်ပြန်လာတဲ့ အိမ်ကြီးရဲ့ အရှေ့လမ်းမှာ တုတုသံသာနှင့်လွမ်းလေးတို့ ပက်ပင်းတိုးကြလေသည် ။ တုတု လွမ်းလေးရဲ့ လက်ထဲကအရုပ်ကို တစ်ချက်လှမ်းကြည့်ကာ မနာလိုမှုတွေ အုံ့ပွလာခဲ့သည် ။

မော လွမ်းလေးကို သူ့အနောက်မှာ ကွယ်ဝှက်လိုက်ကာ ...

"မိုးချုပ်တော့မယ်လေ တုတု အောက်ကို ဘာဆင်းလုပ်တာလဲ"

"ဟွန့် ... မိုးချုပ်တော့မှာ တုတုလည်း သိပါတယ် တစ်နေ့တာက မိုးချုပ်တာ မိုးလင်းတာ အဆန်းမို့လို့ လား တုတုအောက်ကို ဘာဆင်းလုပ်လုပ် ရှင်တို့ နဲ့ ဆိုင်လို့ လား"

တုတုမျက်နှာကို မဲ့ကာ မကြည်သလို ပြောလိုက်သည် ။ လူကြီးကို လူကြီးမှန်းမသိတဲ့ တုတုကို မောကြည့်ကာ သက်ပြင်းချလိုက်သည် ။

'ရိုင်းချက်ပါလား'

မော ဘာမှ မပြောတော့ပဲ တုတုကို ထားရစ်ခဲ့ကာ အိမ်ရှိရာသို့ ပြန်လာခဲ့လိုက်သည် ။ အနောက်မှာ ကျန်ရစ်ခဲ့တဲ့ တုတုကတော့ ...

'နင်ကအရုပ်ကိုတောင် ကိုင်နေနိုင်ပြီပေါ့ ဟွန့် ... ငါ့အကြောင်းကောင်းကောင်း သိစေရမယ် လွှမ်းမောဖွယ် ... နင့်ကို ဒီအိမ်ကနေ ထာဝရ ပျောက်ကွယ်သွားအောင် ငါလုပ်ပြမယ် ကြည့်နေ'

သူ့ထက်သာတာကို သူမလိုချင် သူ့ထပ်ကျော့မှာ ကိုလည်း မလိုချင် သူလိုချင်တာလေးက အားလုံးဟာ သူ့ထပ်နိမ့်ကျပြီး သူ့ခြေထောက်အောက် ရောက်တာကိုပဲ လိုချင်တာ။

'မုန်းတယ် လွှမ်းမောဖွယ် နင့်ကို ငါမုန်းတယ်'

လက်သီးလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မျက်နှာထပ်မှာ လျှို့ဝှက်သော အပြုံးလေးတစ်ခုကို ဆင်မြန်းသည် ။ ထိုအပြုံး၏ အဓိပ္ပါယ်မှာ ...

'နောက်နေ့ လူရုပ်မပေါ်အောင် နင်ဆဲခံရတော့မယ် လွှမ်းမောဖွယ်'

မော အိမ်ရောက်လို့ ညစာတွက် ထမင်းဝိုင်းလေးပြင်နေစဉ် ...

"ဒေါက် ... ဒေါက် ... ဒေါက်"

"လာပါပြီရှင့်!!"

တံခါးခေါက်သံကြောင့် ... မောအသံပြုရင်း ...

"သမီးရေ တံခါး သွားဖွင့်လိုက်ပါဦး"

"ဟုတ်ကဲ့မေမေ"

ခုံပေါ်ကနေ ဆင်းကာ လွှမ်းလေး အပြေးတံခါးဖွင့်သည် ။ လွှမ်း

လေး တံခါးဖွင့်တဲ့ အခါ အလွန်မြင့်မားတဲ့ အရပ်ကြောင့် လွမ်းလေး မော့ကြည့်ကာ ...

"ပါးပါး ... ပါးပါး မီးမီးတို့ ဆီ လာတယ်"

လွမ်းလေးရဲ့ ဝမ်းသာနေတဲ့ အသံလေးက စူးရှရှ မြည်ဟီးနေ၏။ ဆွေးရိပ်ထင် လွမ်းလေးကို ငုံ့ကြည့်ကာ မျက်နှာထပ်မှာ ပြုံးရိပ်တို့ အနည်းငယ်သမ်းသွားချိန် ...

"သမီး ဘယ်သူလာတာ ... ဟင်"

အမှတ်မထင်ပါပဲ ဆွေးရိပ်ထင်ရဲ့ ပြုံးရိပ်သန်းနေတဲ့ မျက်နှာကြောင့် မောရဲ့ စကားတွေ တစ်ဝက်တစ်ပြက်နှင့် တဒင်္ဂမျှ ငေးမောမိသည် ။

'သူ ... သမီးလေးကို မေတ္တာတရား ထားနေပြီလား' လို့ လည်း စိတ်ထဲတွေးမိ၏။

"မော ... ခဏလောက် စကားပြောရအောင် ... အပြင်ထွက်ခဲ့ပါ"

မောရဲ့ အသံကြားမှ သတိပြန်ဝင်သွားတဲ့ ဆွေးရိပ်ထင် ... မျက်နှာက ခုနကလို အပြုံးမရှိတော့ တင်းမာသွား၏။ ပြီးနောက် လွမ်းလေးကို ကျော်ခိုင်းကာ အသံမာမာနဲ့ မောကို လှမ်းပြောသည် ။

"ဟုတ် ... ဟုတ်ကဲ့ ကိုဆွေးရိပ်ထင် ... သမီး အိမ်ထဲမှာ ဝင်နေနော် ... မေမေ စကားပြောလိုက်ဦးမယ်"

"ဟုတ်မေမေ"

လွမ်းလေး အိမ်ထဲ ပြန်ဝင်သွားသည် ။ ဒါတောင် တစ်ချက်ချက် လှည့်ကြည့်နေတုန်း ...

"ကိုဆွေးရိပ်ထင် မောကို ဘာပြောစရာရှိလို့ လဲဟင်"

အသံတိုးညှင်းစွာမေးတော့ ဆွေးရိပ်ထင်က မောဘက် လှည့်လာခဲ့ကာ ...

"ကိုယ်တို့ ကွာရှင်းရအောင် မော"

"ရှင် ...!"

မော အံ့အားသင့်သလို ရုတ်တရက်ဖြစ်တာကြောင့် အနည်းငယ် တုန်လှုပ်သွားသည် ။ ပြောချင်တဲ့ စကားတွေလည်း ပျောက်ရှကုန်ကာ ...

"တ ... တကယ်ပဲ ကိုဆွေးရိပ်ထင် ဆုံးဖြတ်ပြီးပြီလား"

"အင်း"

မော အသံလေး အနည်းငယ် တုန်ခါစွာ အမေးကို ... ဆွေးရိပ်ထင် အင်း ချသည် ။ အကြည့်တွေက မောမျက်နှာဆီကတော့ မခွာသွား ...

"ကောင်းပါပြီ ကိုဆွေးရိပ်ထင် မော လက်ခံပါတယ်"

'ဟင်'

မောရဲ့ စကားကိုကြားတော့ ဆွေးရိပ်ထင် စိတ်ထဲ ဘဝင်မကျ ဖြစ်နေပြန်သည် ။

"ကိုယ်လိုချင်တာ ဒီစကား မဟုတ်ဘူး ... မော"

"ဒါဆို မောက ဘယ်စကားပြောရမှာ လဲ ကိုဆွေးရိပ်ထင် ဘာလဲ ... မောလက်မခံပါဘူး မောကွာရှင်းမပေးနိုင်ဘူးဆိုတဲ့ စကားပြောရမှာ လား မောမလုပ်နိုင်ဘူးရှင့် မပြောနိုင်ဘူး"

ဆွေးရိပ်ထင် မောရဲ့ ပုခုံနှစ်ဖက်ကို ကိုင်ကာ ပြောတဲ့ စကားကြောင့် မော ထိုလက်တွေကို ပုတ်ချကာ ဤသို့ပြန်ပြောသည် ။

"မင်းကိုယ့်ကို ကွာရှင်းရင် မင်းဒီအိမ်ကနေ ထွက်သွားရလိပ်မယ် ဒါကို မင်းသိရဲ့ လားကွ ... ဟမ်း!!"

မောာ မဲ့ခနဲ ပြုံးလိုက်၏။ 'ဒီအိမ်က ထွက်သွားရလိပ်မယ်တဲ့ ' မိန်းမတစ်ယောက်ကို ကျူးလွန်မှားယွင်းလို့ ယူလိုက်ရတာကြောင့် သူ့မိန်းမပါလို့ အသိမှတ် မပြုတဲ့ အပြင်၊ သူ့သွေးကရလို့ မွေးဖွားလာတဲ့ သမီးဖြစ်သူကိုတောင် တစ်စက်ကလေးမှ မထိ၊ ခုတော့ သူပေးနေတဲ့ အိမ်ကလေးက သူနဲ့ ကွာရှင်ရင် ထွက်သွားပေးရမယ်တဲ့ ။ တကယ်ဆို သူပေးနေတဲ့ အိမ်လေးက ဆင်းရဲသားတွေ နေတဲ့ အိမ်တောင် သူအိမ်ထက်သာနေဦးမယ်။

"အဟင်း ... ဒါများ အထူးဆန်းလားရှင်ရယ် မောတို့ သားမိ ထွက်သွားပေးမှာ ပေါ့ ... မောသမီးလေးလည်း အရှင်လတ်လတ် ငရဲကျနေတဲ့ ဘဝက လွတ်တာပေါ့"

"ဘာကွ!!"

မောရဲ့ အပြောကြောင့် ဆွေးရိပ်ထင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ မောရဲ့ မျက်ဝန်းတွေကို စူးစိုက်ကြည့်ကာ စိတ်ထဲ အလိုမကျမှုတွေက များ သထက် များ ၍ လာသည် ။

"မော!!"

"မထိနဲ့ ... မောကိုမထိနဲ့ ... တောင်းပန်ပါတယ်"

"မော ... ခဏနေဦး"

"မထိပါနဲ့ ဆို ... ပြောမရဘူးလား!!."

မော လှည့်ထွက်သွားတာကို သူမကြိုက် ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်နေသည် ။ ထို့ကြောင့် မောရဲ့ လက်ကို လှမ်းဆွဲကာ စကားပြောဖို့

တားမိသည် ။ မောကပဲ ခေါင်းမာသည် လား သူကပဲ ခေါင်းမာသည် လားမသိ သူဆွဲကိုယ်ရုန်းနဲ့ အိမ်ရှေ့လေးမှာ ဝရုန်းသုန်းကား ဖြစ်နေကြ သည် ။

"မောကိုမထိပါနဲ့ ... ကိုဆွေးရိပ် ထင်ရယ် ... မော တောင်းပန်ပါ တယ် ... မောကို လွှတ်ပေးပါ"

"မင်းဘာလို့ ဒီလောက်ထိ ခေါင်းမာနေတာလဲကွ ... ကိုယ်မင်းဆီက ကြားချင်တာ ဒီစကားတွေ မဟုတ်ဘူး ... ကိုယ်မျှော်လင့်ခဲ့တာ ဒီစကား တွေ မဟုတ်ဘူး ကွ!!"

မော ရှောင်ဖယ်မှုတွေ ရပ်တန့်ကုန်ကာ ဆွေးရိပ်ထင်ကို မော့ကြည့် သည် ။ ထို့နောက် မျက်နှာကို မဲ့ပြုံးလေးပြုံးကာ ...

"ဒါဆို မောဆီက ဘာတွေများ ရှင်မျှော်လင့်နေခဲ့တာလဲ ကိုဆွေးရိပ် ထင်"

"ကိုယ် ... ကိုယ်"

သူ့မှာ ထိုမွေးခွန်းနဲ့ သက်ဆိုင်တဲ့ အဖြေမရှိ။

'ဟုတ်တယ် ... သူမောဆီက ဘာကိုများ မျှော်လင့်ခဲ့မိတာလဲ ... ဘာ တွေကိုများ တောင်းတမိခဲ့တာလဲ'

ကျောခိုင်းပြီးအိမ်ထဲဝင်သွားတဲ့ မောရဲ့ ကျောပြင်ကို ငေးကာ အဖြေ ကို စဉ်းစားမိသည် ။

"ကို ... ဒီမှာ ဘာလုပ်နေတာလဲ"

'ဟင်'

မေရတီတု အသံကြောင့် အသက်မဲ့ မျက်ဝန်းတွေဖြင့် လှည့်ကြည့်သ

ည် ။

"မေ ... ကိုယ်"

ဘယ်လိုဖြေရမလဲ မစဉ်းစားမိတော့။ သူစဉ်းစားနေမိတာ မောဆီက သူဘာကိုမျှော်လင့်နေမိတာလဲ ဆိုတာပဲ ထပ်ခါတလဲလဲ စဉ်းစားနေသည် ။

မေရတီတု၊ ဆွေးရိပ်ထင်ရဲ့ ပုံစံကိုကြည့်ပြီး အံဖိကြိတ်လိုက်သည် ။ သူမြင်နေရသည် ဆွေးရိပ်ထင်ရဲ့ ရင်ထဲက ဝေဒနာအချို့ဆိုလျှင် ...

'မဖြစ်ရဘူးနော် ... မေ ခွင့်မပြုဘူးကို ... ကို့ကိုမောဆီ အပါမခံနိုင်ဘူး'

စိတ်ထဲ ဤသို့တွေးမိပြီး ဆွေးရိပ်ထင် လက်ကို လှမ်းကိုင်၏။

"လာပါ ကိုရယ် အိမ်ပြန်ရအောင် ညဥ့်နက်နေပြီ"

"ဪ ... အင် ... အင်း"

လေပင်နေတဲ့ ခြေလှမ်းတွေက မေရတီတုရဲ့ ဆွဲခေါ်ရာနောက်သို့ တကောက်ကောက် ပါသွားခဲ့ကာဖြင့် ...

'မင်းဘာတွေ မျော်လင့်နေမိတာလဲကွာ ဖြေစမ်းပါ'

မော မျက်နှာကို လက်ဝါးလေးဖြင့် အုပ်ကာ ငြိမ်နေသည် ။

"မေမေ ... ဘာဖြစ်လို့ လဲ"

"သမီးလေး ... အဟင့်"

လက်သေးသေးလေးက ထိကိုင်လာတော့ မောရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

"မေမေ"

"မေမေ ဘာမှ မဖြစ်ပါဘူး သမီးလေးရယ်"

ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားရင်း ပြန်ပြောသည် ။ လွှမ်းလေးကတော့ မောရဲ့ ရင်ခွင်ထဲကနေ မောလည်ပင်းလေးကို ပြန်လည်သိုင်းဖက်ထားကာ မောဘာတွေ ခံစားနေသည် ဆိုတာမသိရှာ။

"မေမေ ... မေမေငိုနေတာလားဟင် ... ဘာလို့ လဲမေမေ ... မေမေငိုရင် မီးမီးလည်း ငိုချင်တယ် ... ဟင့်"

လွှမ်းလေးဆီက ရှိုက်သံလေး ထွက်လာတော့ မောပျာပျာသလဲ ရင်ခွင်ထဲကထုတ်ကာ ...

"မေမေ မငိုပါဘူး မျက်စိထဲ ပိုးကောင်ဝင်သွားလို့ ပါ သမီးရဲ့ "

"ဒါဆို မီးမီး ပိုးကောင် ထုတ်ပေးမယ်လေ"

"ဟင့်အင်း ရပါတယ် မီးမီးရဲ့ မေမေကောင်းသွားပါပြီ"

လွှမ်းလေးရဲ့ ခေါင်းကိုအသာပုတ်ကာ ပြောတော့ လွှမ်းလေး ပြုံးလိုက်သည် ။ ပြီးနောက် ...

"မေမေညာတယ်"

နှာခေါင်းလေး ရှုံ့ကာပြောတော့ မောရယ်မိသည် ။

"ဘယ်တော့မှ မညာပါဘူး သမီးလေး စိတ်ထင်တာပါ" လို့ ပြောကာ သားမိနှစ်ယောက် ပြိုင်တူ ရယ်လိုက်ကြသည် ။

အခန်းထဲမှာ မေရတီတု ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည် ။ ဆွေးရိပ်ထင် ရဲ့ အသက်မပါတဲ့ ပုံစံတွေကို မကြိုက် ...

"ကျွတ် ... ဒီဟာမကို ကို့အနားကနေ ပထုတ်ရမယ်"

မောကို အဝေးရောက်စေချင်ပါသော်လည်း သူ့မှာ ဘယ်လိုပထုတ်ရမလဲ မသိ ဖြစ်နေသည်။

"ကဲဟာ ... ဘုန်း ... ဘုန်း!!"

"ဟဲ့ ... ဘာတုန်း ... ဘာသံလဲ ... ဒါသမီးလေးအခန်းကပဲ"

တဘုန်းဘုန်းနဲ့ အသံကြောင့် မေရတီတု ခါးလေး မတ်ခနဲဖြစ်သွားကာ အသံလာရာဆီကို ပြေးထွက်ခဲ့သည်။

"ဟင် ... သမီးလေး ဘာဖြစ်တာလဲ"

အခန်းနေရာတိုင်းမှာ ပွစာကျဲနေတဲ့ အရုပ်တွေ မျက်ဝန်းထဲမှာတော့ မျက်ရည်တွေရွဲလို့ ဒေါသတွေလည်း ထွက်နေသည်။ မေရတီတု ဒါကိုတွေ့တော့ စိုးရိမ်ပူပန်စွာ တုတုအနား သွားသည်။

"သမီးလေး ဘာဖြစ်လို့ လဲ မေမေကိုပြောလေ"

"အဟင့် ... ဟင့် ... တုတု ... လွမ်းကို မုန်းတယ်မေမေ ... သူ့လက်ထဲမှာ တုတုထက် ကြီးတဲ့ အရုပ်ကို ပွေ့ပိုက်ထားတာ တုတုမကြိုက်ဘူး ... အဲအရုပ်ကို ဖြတ်ဆီးချင်တယ် အီးဟီး"

"သမီးရယ်"

တုတုကို စိတ်မကောင်းစွာနဲ့ မေရတီတု ဖက်ထားပေးလိုက်ပြီး အတွေးထဲ အကြံတစ်ခုပေါ်လာခဲ့သည်။

"သမီး ... ဒါဆို ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ မေမေ"

ရင်ခွင်ထဲကနေ မော့ကြည့်ပြီး မေးလာတဲ့ တုတုရဲ့ နားနားသို့ ကပ်ကာ ပြောလိုက်သည်။

"တကယ်လား မေမေ အဲဒီလို လုပ်လို့ ရတယ်ပေါ့"

"သိပ်ရတာပေါ့ သမီးရဲ့ ... သူ့ကိုလည်း သမီး မတွေ့ချင်ဘူး မဟုတ်လား"

"ဟုတ်တယ် ... သူ့ကို တုတုမျက်စိရှေ့မှာ မမြင်ချင်ဘူး"

"ဒါဆိုမေမေ ပြောတဲ့ အတိုင်းသာ လုပ်လိုက် ... ပြီးတော့ သမီးပါးပါးကလည်း သမီးကိုပဲ ချစ်တာလေ ... အဆင်ပြေတယ်မို့လား"

"ဟုတ်သားပဲနော် ... အဟင်း ... ဒါဆို တုတုတွေးပူနေစရာ မလိုတော့ဘူး ဒီကိစ္စကို မနက်ဖြန်ပဲ အကောင်အထည်ဖော်မယ်"

မျက်ရည်တွေကို လက်ဖမိုဖြင့် ဖိသုတ်ကာ ပြောလျှင် ...

"လုပ်လိုက်သမီး"

ငယ်ရွယ်သေးတဲ့ ကလေးမလေးတစ်ယောက်ကို မွေးမြူခိုင်းသည်က စိတ်ရိုင်းအချို့။ ကိုယ်ကိုတိုင် သင်ပေးခဲ့တဲ့ ထိုစိတ်ရိုင်းတွေကြောင့် တစ်နေ့ဘယ်လိုပုံစံ သူပြန်ခံစားရမလဲဆိုတာ မတွေးတော။ နောက်ဖြစ်တဲ့ ကိစ္စ နောင်မှ ရှင်းဆိုသလိုမျိုးနဲ့ ။လက်ရှိ အခြေအနေကိုသာ ရှင်းဖို့တွေးမိသည် ။

'ဒီကိစ္စထဲမှာ အပြစ်မဲ့တဲ့ ကလေးကို ဓားစာခံလုပ်လိုက်ရတာတော့ စိတ်မကောင်းပါဘူး မောရေ အဟင်းဟင်း ... '

အနားက ထွက်မသွားစေချင်တော့တဲ့ လူတစ်ယောက် ရှိနေပြီမို့။ ကိုယ့်ဘာသာ ထွက်သွားအောင် လုပ်ရမှာ သူ့တာဝန်ပဲ မဟုတ်လား ...။

***